**ပဋိသမ္ဘိဒါဉာဏ် (၄) ပါး**

၁။ အတ္ထပဋိသမ္ဘိဒါ - လူမျိုးခြားတို့၏ ဘာသာစကားအရပ်ရပ်တို့ကို နားလည်တော်မူနိုင်ခြင်း၊ အနက်သဘောကို သိခြင်း။

၂။ ဓမ္မပဋိသမ္ဘိဒါ - မြတ်စွာဘုရား၏ ဝစနစကားတော်တို့ကို ဇာတ်တူသူ ၊ မတူသူ ဘာသာဟူသမျှက သိနိုင်ခြင်း၊ တရားသဘောကို သိခြင်း။

၃။ နိရုတ္တိပဋိသမ္ဘိဒါ - သဒ္ဒါ၏ အလိုကို ဝိဂြိုဟ်၊ ဝစနတ္ထ ခွဲခြား၍ သိနိုင်ခြင်း၊ ယုတ်တိယုတ်တာနှင့် တကွ ဘာသာစကားကို သိခြင်း။

၄။ ပဋိဘာနပဋိသမ္ဘိဒါ - တရားဟောတော်မူရာ၌ လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး နားလည်နိုင်အောင် တန်ဆာအမျိုးမျိုးဆင်၍ ဟောတော်မူနိုင်ခြင်း၊ ဝေဖန်ပိုင်းခြား၍ သိခြင်း။

ပဋိသမ္ဘိဒါဉာဏ် လေးပါး အကျဉ်း

---

ပဋိသမ္ဘိဒါ ဟူသောစကား၌ -

ပဋိသဒ္ဒါသည်။ ။ ဝိသုံ ဝိသုံအနက် ရှိ၏၊ အသီးအသီး ဆိုလိုသည်။

သံ သဒ္ဒါသည်။ ။ သမ္မာအနက်, သုဋ္ဌုအနက်ရှိ၏၊ ကောင်းစွာ, ဖြောင့်မှန်စွာ ဆိုလိုသည်။

ဘိဒ-သဒ္ဒါသည်။ ။ ခွဲခြမ်းဝေဖန်ခြင်း အနက်ရှိ၏။

“ ပဋိ ဝိသုံ ဝိသုံ သံ သုဋ္ဌု ဘိန္ဒန္တိ ဝိဘာဇေန္တိ အရိယာ ဧနာ တောယာတိ ပဋိသမ္ဘိဒါ “ ။

အရိယာဧနာ - အရိယာ ပုဂ္ဂိုလ်တို့သည်၊

တောယ - ဤပညာဖြင့်၊

ပဋိ ဝိသုံ ဝိသုံ - အသီးအသီး၊

သံ-သုဋ္ဌု - ကောင်းစွာ၊

ဘိန္ဒန္တိ ဘာဇေန္တိ - ခွဲခြမ်း ဝေဖန်နိုင်ကြကုန်၏၊

ဣတိတသ္မာ - ထိုသို့အသီးအသီး ကောင်းစွာ ခွဲခြမ်းဝေဖန်နိုင်ကြောင်း ဖြစ်သောကြောင့်၊

ပဋိသမ္ဘိဒါ - ပဋိသမ္ဘိဒါ မည်၏။

ထိုပဋိသမ္ဘိဒါဉာဏ်သည်-

၁။ အတ္တပဋိသမ္ဘိဒါဉာဏ် တစ်ပါး,

၂။ ဓမ္မပဋိသမ္ဘိဒါဉာဏ် တစ်ပါး,

၃။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် တစ်ပါး,

၄။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် တစ်ပါး,

ဟူ၍ လေးပါးရှိ၏။

.

(၁) အတ္တပဋိသမ္ဘိဒါ

---

အတ္တပဋိသမ္ဘိဒါ - ဟူသောစကား၌ အတ္တသည် ငါးပါး ရှိ၏။

၁။ ဘာသိတတ္တ တစ်ပါး,

၂။ ပစ္စယုပ္ပန္နတ္တ တစ်ပါး,

၃။ ဝိပါကတ္တ တစ်ပါး,

၄။ ကိရိယတ္တ တစ်ပါး,

၅။ နိဗ္ဗာနတ္တ တစ်ပါး,

ထိုငါးပါးတို့တွင်-

၁။ "ဘာသိတတ္တ" ဆိုသည်ကား ဘုရားစကားတော်ဖြစ်သော မာဂဓဘာသာ သဒ္ဒါသည် ဟောအပ် သော အနက်တည်း။

၂။ "ပစ္စယုပ္ပန္နတ္တ" ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန် အစုံအစုံ ရှိကြသည်တွင် ပစ္စယုပ္ပန် တရားစုကို ဆိုသတည်း။

၃။ “ဝိပါကတ္ထ” ဆိုသည်ကား ကံကြောင့်ဖြစ်သော ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် တရားစုကို ဆိုသတည်း။

၄။ “ကိရိယတ္ထ”ဆိုသည်ကား အာဝဇ္ဇန်းဒွေ- အစရှိသော ကြိယာ စိတ်, စေတသိက် တရားစုကို ဆိုသတည်း။

၅။ “နိဗ္ဗာနတ္ထ “ဆိုသည်ကား အသင်္ခတ ဓာတ်မြတ်ဖြစ်သော နိဗ္ဗာန်တရားကို ဆိုသတည်း။

[ဤသို့လျှင် အတ္ထငါးပါး ရှိသောကြောင့်အတ္ထပဋိသမ္ဘိဒါ ဉာဏ်သည်လည်း ငါးပါးပင်ရှိ၏။]

ထို ငါးပါးတို့တွင် -

၁။ “ ဘာသိတတ္ထ ပဋိသမ္ဘိဒါဉာဏ် “ ဆိုသည်ကား ပိဋကတ်သုံးပုံ ပါဠိတော်စကားကို ကြားခဲ့လျှင် မသင်ဘူးဘဲနှင့်ပင် ကြားကြား သမျှသော ပါဠိတော်၏ အနက်ကို ဖြစ်ထိုက်သော နည်းအမျိုးမျိုးနှင့် ဝေဖန်နိုင်သည့်တိုင်အောင် သိနိုင်သော ဉာဏ်ပေတည်း။

၂။ “ပစ္စယုပ္ပန္နတ္ထ ပဋိသမ္ဘိဒါဉာဏ် “ ဆိုသည်ကား ပစ္စည်း စကားကို ကြားခဲ့လျှင် မသင်ဘူး ဘဲနှင့်ပင် ကြားကြားသမျှသော ပစ္စည်း၏ ပစ္စယုပ္ပန်ကို သိနိုင်သော ဉာဏ်ပေတည်း။

၃။ “ ဝိပါကတ္ထ ပဋိသမ္ဘိဒါဉာဏ် “ ဆိုသည်ကား ထိုထိုကုသိုလ် ကံ အကုသိုလ်ကံ စကားကို ကြားခဲ့လျှင် မသင်ဘူး ဘဲနှင့်ပင် ထိုထိုကံ၏ အကျိုးကို အမှန် သိနိုင်သော ဉာဏ်ပေတည်း။

၄။ ကိရိယတ္ထပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား ကောင်းကျိုး မကောင်းကျိုး မျိုးလည်း မဟုတ်၊ ကောင်းကျိုး, မကောင်းကျိုးကို ဖြစ်စေတတ်သည်လည်း မဟုတ်၊ အလွတ်ဖြစ်သော အာဝဇ္ဇန်းဒွေ အစရှိသော ကြိယာမျိုးကို မသင်မကြားဘဲနှင့်ပင် သိနိုင်သော ဉာဏ်ပေတည်း။

၅။ နိဗ္ဗာနတ္ထပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား မဂ်တရားကို ကြားခဲ့လျှင် ထိုမဂ်အား ထိုက်တန်သော ဖိုလ်တရား, နိဗ္ဗာန်တရားကို သိနိုင်၏။

[ထိုနှစ်ပါးတို့တွင် ဖိုလ်တရားကိုသိမှုသည် ဝိပါကတ္ထပဋိသမ္ဘိဒါတွင် ပါဝင်လေပြီ။]

အတ္ထပဋိသမ္ဘိဒါငါးပါး ပြီး၏။

.

(၂) ဓမ္မပဋိသမ္ဘိဒါ

ဓမ္မပဋိသမ္ဘိဒါ ဟူသောစကား၌ ဓမ္မသည် ငါးပါးရှိ၏။

၁။ ဘာသိတဓမ္မ တစ်ပါး,

၂။ ပစ္စယဓမ္မ တစ်ပါး,

၃။ ကုသလဓမ္မ တစ်ပါး,

၄။ အကုသလဓမ္မ တစ်ပါး,

၅။ အရိယမဂ္ဂဓမ္မ တစ်ပါး

ထိုငါးပါးတို့ တွင်

၁။ ပိဋကတ်သုံးပုံပါဠိတော်သည် "ဘာသိတဓမ္မ" မည်၏။

၂။ ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ်နည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန် အစုံအစုံရှိကြသည်တွင် ပစ္စည်းတရားစုကို ပစ္စယဓမ္မ ဆိုသည်။

[ကျန်ရှိသော ဓမ္မသုံးပါး ထင်ရှားပြီ။]

ဤသို့လျှင် ဓမ္မငါးပါး ရှိသောကြောင့် ဓမ္မပဋိသမ္ဘိဒါ ဉာဏ်သည်လည်း ငါးပါး ရှိ၏။

ထိုငါးပါးတို့ တွင်-

၁။ ဘာသိတဓမ္မ ပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား အတ္ထသဘာဝကို ကြားသိရလျှင် မသင်မကြား ဘူးဘဲနှင့်ပင် ထိုအတ္ထသဘာဝ အားလျော်ကန်သော ပါဠိ ဓမ္မဝေါဟာရကို ထုတ်ဖော်၍ သိနိုင်ခြင်း, ဟောနိုင်ခြင်းတည်း။

၂။ ပစ္စယဓမ္မ ပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား ပစ္စယုပ္ပန် ခေါ်သော ထိုထိုအကျိုးကို ကြားသိရလျှင် ထို အကျိုးတရား၏ ဟုတ်မှန်သော အကြောင်းတရားကို အလုံးစုံအားဖြင့်သော် လည်းကောင်း တစ်စိတ် တစ်ဒေသအားဖြင့်သော်လည်းကောင်း သိနိုင်ခြင်းတည်း ။

၃။ ကုသလဓမ္မပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား ကောင်းသောအကျိုးကို တွေ့မြင်ကြားသိရသည်ရှိသော် ထိုအကျိုး၏ အကြောင်း ဖြစ်သော ကုသိုလ်ဓမ္မကို သိနိုင်ခြင်းတည်း။

၄။ အကုသလဓမ္မပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား မကောင်းသော အကျိုးကို တွေ့မြင်ကြားသိရသည် ရှိသော် ထိုအကျိုး၏ အကြောင်းဖြစ်သော အကုသိုလ်ဓမ္မကို သိနိုင်ခြင်းတည်း။

၅။ အရိယမဂ္ဂဓမ္မ ပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား နိဗ္ဗာန်ဟူသော အတ္ထကို သိရသည်ရှိသော် ထိုနိဗ္ဗာန် သို့ရောက်ကြောင်းဖြစ်သော အရိယမဂ္ဂဓမ္မကို သိနိုင် ခြင်းတည်း။

ဓမ္မပဋိသမ္ဘိဒါ ငါးပါး ပြီး၏။

.

(၃) နိရုတ္တိပဋိသမ္ဘိဒါ

---

နိရုတ္တိပဋိသမ္ဘိဒါ - ဟူသောစကား၌-

နိရုတ္တိဆိုသည်ကား။ ။ သဒ္ဒါဗျာကရိုဏ်းကျမ်း အစီအရင်မျိုးပေတည်း။

ဓမ္မပဋိသမ္ဘိဒါဉာဏ်တွင် ဘာသိတဓမ္မဟု ဆိုအပ်သော ပိဋကတ် သုံးပုံ ပါဠိဘာသာ စကားမျိုးတို့၌ သဒ္ဒါဗျာကဝရိုဏ်း ကျမ်းများကို မသင်မကြား ဘူးဘဲနှင့်ပင် သန္ဓိပုဒ်, နာမ်ပုဒ်, ကာရကပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ် ပုဒ်, အာချာတ်ပုဒ်, ကိတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ် - တို့ကို နေရာတကျ ခွဲတ်ဆိုနိုင်ခြင်းသည် နိရုတ္တိပဋိသမ္ဘိဒါမည်၏။

နိရုတ္တိပဋိသမ္ဘိဒါပြီး၏။

.

(၄) ပဋိဘာနပဋိသမ္ဘိဒါ

---

ပဋိဘာနပဋိသမ္ဘိဒါ - ဟူသောစကား၌-

ပဋိဘာနဆိုသည်ကား။ ။ ဉာဏ်ကိုပင်ဆို၏၊ ရှေးဉာဏ် သုံးပါး၏ အလားကို သိနိုင်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။

ဈာနသမာပတ္တိဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိတို့၏ နောက်၌ လိုက်ပါမြဲဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်ကဲ့သို့ ရှေးဉာဏ်သုံးပါးတို့၏ နောက်၌ လိုက်ပါမြဲဖြစ်သော ပဋိသမ္ဘိဒါ ဉာဏ်ပေတည်း။

ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ပြီး၏။

.

ဤပဋိသမ္ဘိဒါဉာဏ် လေးပါးသည် အရိယာပုဂ္ဂိုလ်တို့မှာ အရိယာ မဂ်ဉာဏ်ကို ရသည်နှင့်တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစီးသော ဉာဏ်မျိုးပေတည်း၊ ပုထုဇဉ်ပုဂ္ဂိုလ် တို့မှာမူကား ထိုကဲ့သို့သော ဉာဏ်မျိုး သည် သင်ကြား မှတ်နာမှု ပြည့်စုံလုံလောက် ရှိမှသာ ဖြစ်နိုင်သည်၊ သင်ကြား မှတ်နာမှုနှင့် ဖြစ်သည်ကို ပဋိသမ္ဘိဒါဉာဏ်ဟူ၍ မဆိုရ၊ သုတမယ ဉာဏ်မျှသာ ဖြစ်၏။

.

ပဌမလယ်တီဆရာတော်

စာညွှန်း -

သာသနဝိသောဓနီ (တတိယပိုင်း)  - ပဌမလယ်တီဆရာတော်

-မင်းကွန်းဆရာတော်ကြီးရဲ့ မဟာဗုဒ္ဓဝင်မှ....

ပဋိသမ္ဘိဒါဉာဏ်လေးပါး

ဓမ္မ ပဋိသမ္ဘိဒါဉာဏ် (၅)

-အကျိုးကိုဖြစ်စေတတ်သောအကြောင်းတရားစု

-အရိယမဂ် လေးပါး

-ပါဠိတော်အစဉ်

-ကုသိုလ် စိတ် စေတသိတ်

-အကုသိုလ် စိတ် စေတသိတ်

(မဟာကြိယာဉာဏ်/မဟာကုသိုလ်ဉာဏ်)

အတ္ထ ပဋိသမ္ဘိဒါဉာဏ် (၅)

-အကြောင်းကြောင့် ဖြစ်ပေါ်သမျှသော အကျိုးတရားစု

-နိဗ္ဗာန်

-ပါဠိတော်၏ အနက်သဘော

-ဝိပါတ် စိတ် စေတသိတ် တရားစု

-ကြိယာ စိတ်စေတသိတ် တရားစု

(မဟာကြိယာ ဉာဏသမ္ပယုတ် လေးပါး၊ မဂ်လေး/ဖိုလ်လေး။ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးပါး၊ အောက်မဂ်/အောက်ဖိုလ်)

နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် (သဒ္ဒါ) (၁၀)

-ဓမ္မ (၅)

-အတ္ထ (၅)

(သဘာဝနိရုတ္တိ၊ အရိယဝေါဟာရ၊ မာဂဓဘာသာ၊ သဒ္ဒါ အမျိုးမျိုး)

ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် (၂၀)

-ဓမ္မ (၅)

-အတ္ထ (၅)

-နိရုတ္တိ (၁၀)

(ရှေ့ဉာဏ် သုံးပါး၏ အလုပ်ကိစ္စကိုသိ၊ ထိုဉာဏ်တို့၏ အလုပ်ကိစ္စ ကို မလုပ်နိုင်)